EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၂
ဩဂုတ် ၂၈ ရက်၊ ၂၀၁၈

## ကြက်ဆူစိုက်ရန် ဧက ၃,၀၀၀ ကျော် ငှားရမ်းထားမှု ဖျက်သိမ်းရန်အဆို လွှတ်တော်အတည်ပြု

ဩဂုတ် ၁၆၊ ၂၀၁၈

ကနီမြို့နယ် ပေါက်အင်းတောင်ဒေသ၌ ကြက်ဆူစိုက်ရန် တစ်ဧက ကျပ် ၁၀၀ နှုန်းဖြင့် တင်ဝင်းထွန်းကုမ္ပဏီက နှစ် ၃၀ မြေငှားခွင့်ရထားသော စာချုပ်ဖျက်သိမ်းသည့်အဆိုကို ဩဂုတ် ၁၄ ရက် စစ်ကိုင်းတိုင်းလွှတ်တော်အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

တင်ဝင်းထွန်းကုမ္ပဏီနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ချုပ်ဆိုသော ကြက်ဆူစိုက်ခင်း ဧက ၃,၂၀၀ စိုက်ပျိုးခြင်းအတွက် နှစ် ၃၀ မြေငှားလုပ်ကိုင်ခွင့် စာချုပ်ပါ စည်းကမ်းများနှင့်မကိုက်ညီခြင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိခြင်းတို့ကြောင့် စာချုပ်ဖျက်သိမ်း၍ သစ်တောရေးရာဝန်ကြီးဌာနပိုင်မြေအဖြစ် ပြန်လည်သတ်မှတ်ရန် အဆိုတင်သွင်းခဲ့သည်။

ဩဂုတ် ၁၄ ရက်တွင် ကျင်းပသော စစ်ကိုင်းတိုင်းလွှတ်တော် အစည်းအဝေး၌ ကနီမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းတင်သွင်းသော အထက်ပါအဆိုကို လွှတ်တော်အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်သူမရှိသဘောတူသဖြင့် အတည်ပြုခဲ့သည်။

ကုမ္ပဏီပိုင်မြေကို ကျူးကျော်သည်ဆိုကာ ယင်းမာပင်ခရိုင်တရားရုံး၌ တောင်သူမိသားစုဝင်များကို တရားစွဲထားသော အမှုပြန်လည်ရုပ်သိမ်းရမည်ဖြစ်ကြောင်း ဦးထွန်းထွန်းဝင်းက ပြောသည်။

အဆိုပါကုမ္ပဏီက ကြက်ဆူစိုက်ပျိုးရန် မြေနေရာရပြီးနောက် ဒေသခံတောင်သူခုနစ်ဦး ကျူးကျော်မှုဖြင့် တရားစွဲခံရကာ ထောင်ကျပြီး အမှုရင်ဆိုင်နေရသော



တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း။
(ဓာတ်ပုံ- Tun Tun Win fb)

ဒေသခံတောင်သူ ၆၄ ဦးရှိကြောင်း အဆိုတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကနီမြို့နယ် တောင်ပေါက်အုပ်စု ပေါက်အင်းတောင် သစ်တောကြိုးဝိုင်းနယ်မြေကို ၂၀၀၆ တွင် ကြက်ဆူစိုက်ပျိုးရေးဇုန်အ ဖြစ်သတ်မှတ်ခဲ့သည်။ ကြက်ဆူစိုက်ပျိုးရေးဇုန်အဖြစ် သတ်မှတ်ထားသော ပေါက်အင်းတောင် သစ်တောကြိုးဝိုင်းဒေသ၌ ယခင်က ဒေသခံတောင်သူများနေသည်။

တင်ဝင်းထွန်းကုမ္ပဏီနှင့် သစ်တောရေးရာဦးစီးဌာနသည် ၂၀၀၇ မတ်လ ၂၅ ရက်တွင် နှစ် ၃၀ စာချုပ်ဖြင့် ကြက်ဆူစိုက်ပျိုးရန် ငှားရမ်းခြင်းဖြစ်သည်။

၂၀၀၈-၀၉ မှ ၂၀၁၈ အထိ တင်ဝင်းထွန်းကုမ္ပဏီက မြေတစ်ဧကလျှင် ကျပ် ၁၀၀ နှုန်းဖြင့် ငှားရမ်းပြီး ငှားရမ်းခအခွန်ငွေများ ပေးသွင်းခြင်းမရှိကြောင်းတွေ့ရပြီး စာချုပ်ပါ အချက်အလက်များ လိုက်နာမှုမရှိကြောင်း အဆိုတွင် ပါရှိသည်။

(ကိုးကား - http://www.7daydaily.com)

## လွှတ်တော်နှင့် အစိုးရအဖွဲ့ကို အယုံအကြည်မရှိဆိုကာ တိုင်းလွှတ်တော်အမတ်တစ်ဦး နုတ်ထွက်စာတင်

ဩဂုတ် ၂၅၊ ၂၀၁၈

ဝါးခယ်မမြို့နယ် အမှတ် (၂)မဲဆန္ဒနယ် ဧရာဝတီတိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းက လွှတ်တော်နှင့် အစိုးရအဖွဲ့ကို အယုံအကြည်မရှိဆိုကာ လွှတ်တော်သို့နုတ်ထွက်စာတင်သည့်အပေါ် လက်မခံသေးကြောင်း ဧရာဝတီတိုင်း လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ပြောကြားသည်။

ဇူလိုင် ၂၅ ရက်တွင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ နုတ်ထွက်စာတင်ခဲ့ပြီး ရုံးတွင်းကိစ္စဖြစ်၍ ရှင်းလင်းပြီးမှသာ သတင်းမီဒီယာများသို့ချပြမည်ဖြစ်ကြောင်း နုတ်ထွက်စာတင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းက ပြောကြားသည်။

ထပ်မံကျင်းပမည့် လွှတ်တော်အစည်းအဝေးကို ၎င်းအနေဖြင့် ပြန်လည်တက်ရောက်မည်ဟု လွှတ်တော်အနေဖြင့် သိရှိထားသဖြင့် ဒေါ်မြင့်မြင့်စန်းနှင့်ပတ်သက်၍ မည်သည့် တုံ့ပြန်မှုကိုမျှ မဆောင်ရွက်သေးကြောင်း ဦးအောင်ကျော်ခိုင်က ပြောသည်။

"ဒေါ်မြင့်မြင့်စန်းက သူအလုပ်လုပ်ရတာ စိတ်အားပျက်တယ်လို့တော့ ပြောတာရှိပါတယ် ခင်ဗျ။ ဒါပေမဲ့ အခုတော့ သူနဲ့အတူတူ တစ်မြို့တည်းသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေးအောင်က စည်းရုံးလို့ လုပ်ငန်းတာဝန်တွေ ပြန်လည်ထမ်းဆောင်နေပါပြီခင်ဗျ။"ဟု ဧရာဝတီတိုင်းဒီချုပ်ပါတီဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်က ပြောသည်။

(ကိုးကား-http://www.7daydaily.com)

# ရခိုင်လွှတ်တော်သို့တင်သွင်းထားသော ဥပဒေနှင့်နည်းဥပဒေအချို့ကို ကန့်ကွက်လိုသူများအတွက် ရက် ၉၀ သတ်မှတ်ပေး

**ဩဂုတ် ၂၅၊ ၂၀၁၈**

ရခိုင်ပြည်နယ်လွှတ်တော်သို့ တင်သွင်းထားသော ဥပဒေတစ်ခုနှင့် နည်းဥပဒေနှစ်ခု ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ခြင်းကို ရက် ၉၀ အတွင်း တင်သွင်းရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေနှင့် နည်းဥပဒေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ယစ်မျိုးခွန်နည်းဥပဒေတို့ကို တင်သွင်းထားပြီး ဩဂုတ် ၂၃ ရက်က ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယင်းသို့ ကြေညာခဲ့ခြင်းဖြစ်သည်။

ယခုပြည်နယ်လွှတ်တော်သို့ တင်သွင်းထားသည့် ဥပဒေတစ်ခုနှင့် နည်းဥပဒေနှစ်ခုသည် ရခိုင်ပြည်နယ်အတွက် အမှန်တကယ် ပြဋ္ဌာန်းရန် လိုအပ်နေသည့် ဥပဒေများဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြသန်းက ပြောသည်။ **(ကိုးကား-http://www.7daydaily.com)**

## အထူးကောက်နုတ်ချက်များ

- မူမမှန်မြေဂရန်များစိစစ်ဖျက်သိမ်းရန် ကတိကဝတ်နှင့်အာမခံမှုများ နှစ်နှစ်နီးပါးခန့် ကြန့်ကြာနေသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား လွှတ်တော်တွင် အမြန်ဆုံးကြားနာမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

အဆိုပါမူမမှန်မြေဂရန်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမအကြိမ်အစည်းအဝေးတွင် ပြည်မြို့နယ်တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုအောင်မြင်ပြီး နှစ်နှစ်နီးပါးကြာသည်ထိ အစိုးရအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသေးသည့်အတွက် ယင်းသို့ကြားနာကာ အကောင်အထည်ဖော်ဆောင်ရွက်ခိုင်းရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ **(ကိုးကား- http://news-eleven.com)**

- မွန်ပြည်နယ်လွှတ်တော်သို့ နှစ်နှစ်အတွင်း တိုင်ကြားစာပေါင်း ၁၇၀၀ ကျော် ရောက်ရှိခဲ့ကြောင်း၊ မြေယာပြဿနာ အများဆုံးပါဝင်နေပြီး ဖြေရှင်းနိုင်သော တိုင်စာ ၈၀ ရာခိုင်နှုန်းကျော်ကို ဖြေရှင်းပေးခဲ့ကြောင်း ပြည်နယ်လွှတ်တော်၏ တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်သူကပြောသည်။

မြေယာအငြင်းပွားမှုများကို သက်ဆိုင်ရာမြို့နယ် မြေစာရင်းထံမေးမြန်း၍ ကာယကံရှင်ထံ အကြောင်းပြန်ခဲ့ပြီး တရားရုံးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်ရေးနစ်နာမှုများမှာ ဖြေရှင်း၍မရသောကိစ္စရပ်များလည်း ပါဝင်နေသည်ဟု ၎င်းက ပြောသည်။

ယခုနောက်ပိုင်း ပြည်သူများမှတိုင်ကြားသည့် ကိစ္စရပ်များကို ဖြေရှင်းရာတွင် ဌာနဆိုင်ရာများမှ အလေးထားကာ ပူးပေါင်းဆောင်ရွက်လာခြင်းကြောင့် လွယ်လွယ်ကူကူ ဖြေရှင်းနိုင်ခဲ့သည်ဟု ဆိုသည်။

မွန်ပြည်နယ်လွှတ်တော်သို့ ပြည်သူများမှတိုင်ကြားသည့် တိုင်ကြားစာများမှာ တစ်လလျှင် အစောင်ရေ ၅၀ နီးပါးခန့်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကိုးကား-ဟသ်ာမီဒီယာ)**

- ကရင်ပြည်နယ်လွှတ်တော်မှ ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်တာကာအတွင်း ပြည်သူများထံမှ တိုင်ကြားစာကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများအနက် ၈၈ စောင်ကို ဖြေရှင်းပြီးဖြစ်ကြောင်း ကရင်ပြည်နယ်လွှတ်တော်ရုံးမှ သိရသည်။

ကရင်ပြည်နယ်လွှတ်တော် တိုင်ကြားစာကော်မတီသို့လိပ်မူ၍ သုံးနှစ်တာကာလအတွင်း တိုင်ကြားစာ ၂၅၁ စောင် ရောက်ရှိခဲ့ခြင်းဖြစ်သဖြင့် တိုင်ကြားစာ၏ သုံးပုံတစ်ပုံကိုသာ ဖြေရှင်းပေးနိုင်သေးခြင်းဖြစ်သည်ဟုဆိုနိုင်သော်လည်း သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာမှာ ၇၃ စောင်ရှိကြောင်း အဆိုပါ လွှတ်တော်ရုံးထံမှ သိရသည်။

၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ဆဲ တိုင်ကြားစာမရှိဘဲ ၂၀၁၇ ခုနှစ်အတွက် ဆောင်ရွက်ဆဲတိုင်ကြားစာ ၃ စောင်၊ ၂၀၁၈ ခုနှစ်အတွက် ဆောင်ရွက်ဆဲ တိုင်ကြားစာ ၈၇ စောင်ကျန်ရှိနေသေးကြောင်း တိုင်ကြားစာကော်မတီထံမှ သိရသည်။ **(ကိုးကား- The Voice Daily)**

- 'ပုသိမ်တက္ကသိုလ် ကျောင်းသားလွှတ်တော်' ဝေါဟာရကို ပြည်ထောင်စုလွှတ်တော်ရုံးက ကန့်ကွက်မှုအပေါ် စာပို့မေးမြန်းရန် စီစဉ်နေကြောင်း ကျောင်း သားလွှတ်တော်ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ကိုထူးသန့်အောင်က ပြောသည်။

ဩဂုတ် ၂ ရက်နှင့် ၃ ရက် တွင် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပုသိမ်တက္ကသိုလ်ကျောင်းသားလွှတ်တော်နှင့်ကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပရာတွင် 'လွှတ်တော်'ဟူသည့်ဝေါဟာရ အသုံးပြုခြင်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ဩဂုတ် ၈ ရက် ရက်စွဲဖြင့် ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့သည်။ 'လွှတ်တော်'ဟူသော ဝေါဟာရကို အခြားအသင်းအဖွဲ့အမည်များနှင့် တွဲဖက်သုံးစွဲခြင်းမပြုရန် ဥပဒေပြဋ္ဌာန်း၍ တားမြစ်မထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့်အညီ အခြားမည်သည့်အသင်းအဖွဲ့တွင်မျှ သုံးစွဲရန်မသင့်ကြောင်း ကန့်ကွက်စာထုတ်ခဲ့ခြင်းဖြစ်သည်။ **(ကိုးကား-www.7daydaily.com)**

# ချင်းတွင်းမြစ်အတွင်း တိုင်းလွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ ရန်ပြုခံရ

## ဩဂုတ် ၂၅၊ ၂၀၁၈

တရားမဝင် သစ်သယ်ဆောင်မှုသတင်းအရ ချင်းတွင်းမြစ်အတွင်း သွားရောက်စစ်ဆေးစဉ် တောခေါင်း၏သတင်းပေး (Informer) ဆိုသူအပါအဝင် လူတစ်စု၏ ရန်ပြုခြင်းခံခဲ့ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း (ကနီ-၂)က ပြောသည်။

ကနီမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီတာဝန်ရှိသူများနှင့်အတူ ချင်းတွင်းမြစ်အတွင်း ဩဂုတ် ၂၅ ရက်နံနက် ၁ နာရီခန့်က ဝါးဖောင်တစ်စီးကို စစ်ဆေးပြီးအပြန်တွင် တောခေါင်း၏ သတင်းပေးဟုဆိုသည့် အမျိုးသားအပါအဝင် ရှစ်ဦးက လွှတ်တော်ကိုယ်စား လှယ် ဦးထွန်းထွန်းဝင်း လိုက်ပါလာသော စစ်ဆေးရေးရေယာဉ်ကို ရန်ပြုခဲ့သည်။

"စက်လှေ ၂ စီးက ကျွန်တော်တို့လှေကို လိုက်တာ။ ဘေးနှစ်ဖက်ကညှပ်ပြီးတော့



**ဖမ်းဆီးရမိသော သတင်းပေးအချို့အား ခံဝန်ကတိ ရေးထိုးခိုင်းစဉ်။**

လေးခွနဲ့ပစ်တယ်လို့လည်း ပြောတယ်။ ကျွန်တော့်ကိုတော့ မမှန်ဘူး။ ကမ်းကပ်ခါနီးတော့ သူတို့က အရင်ဦးအောင်ကပ်ပြီး တုတ်၊ ဓားတွေနဲ့ ပြေးလာကြတာ။ ဒါနဲ့ ကျွန်တော်တို့စက်လှေလည်း ကမ်းမကပ်ဘဲ ပြန်မောင်းရတာ။ အဲဒီအချိန်မှာ ရဲကို ဖုန်းဆက်တော့ မြို့နယ်မှူးရော၊ အုပ်ချုပ်ရေးမှူးရောရောက်လာပြီး ဖမ်းရတာ"ဟု ဦးထွန်းထွန်းဝင်းက ပြောသည်။

ထို့နောက် တောခေါင်း၏သတင်းပေးဆိုသူအပါအဝင် လူရှစ်ဦးကို ကနီမြို့နယ် မြို့မရဲစခန်းတွင် ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက တွေ့ဆုံခဲ့ပြီး ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း ၎င်းကပြောသည်။

ထို့အပြင် မြို့နယ်သစ်တောကို ဆက်သွယ်မေးမြန်းမှုအရ တောခေါင်း၏သတင်းပေးဆိုသည်မှာ မှန်ကန်သည်ဟု ဦးထွန်းထွန်းဝင်းက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ချင်းတွင်းမြစ်အတွင်း တရားမဝင် သစ်သယ်ယူမှုများ စစ်ဆေးရာတွင် ရန်ပြုမှုများ ထပ်မံမဖြစ်ပွားစေရေး ရစကကော်မတီတွင် ဆွေးနွေးမည်ဖြစ်ကြောင်း ဦးထွန်းထွန်းဝင်းက ပြောသည်။ ထို့အပြင် ယင်းဖြစ်စဉ်သည် တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်ခြင်းဖြစ်၍ လွှတ်တော်တွင် မေးမြန်းဆောင်ရွက်မည်ဟု ဦးထွန်းထွန်းဝင်းက ဆက်လက်ပြောသည်။

(ကိုးကား- 7daydaily.news.com/ http://burmese.dvb.no)

# ဆည်မြောင်းဌာနနှင့် ရေအရင်းအမြစ်ဌာနသည် အသေးစိတ်တွက်ချက်ထားမှုမရှိဘဲ ရန်ပုံငွေတင်ပြတောင်းခံနေဟု လွှတ်တော်ကော်မတီ ပြော

## ဩဂုတ် ၁၈၊ ၂၀၁၈

ဆည်မြောင်းဌာနနှင့် ရေအရင်းအမြစ်ဦးစီးဌာနတို့သည် လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံရာတွင် အသေးစိတ်တွက်ချက်ထားသည့် စာရင်းများမရှိဘဲ ခန့်မှန်းစာရင်းဖြင့်သာ တင်ပြတောင်းခံနေသည်ကို တွေ့ရကြောင်း မကွေးတိုင်းလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဖွံ့ဖြိုးတိုးတက်ရေး (စိုက်မွေးဆည်) ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြော သည်။

ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာန၊ ရေအရင်းမြစ် ဦးစီးဌာနတို့က ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ရန် တင်ပြထားသည့် ဆည်မြောင်း၊ တာတမံနှင့် မြစ်ရေတင် စီမံကိန်းများကို ကော်မတီတာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

ရေမြောင်းတစ်ခု ဖောက်လုပ်မည်ဆိုပါက ယင်းရေမြောင်းဖြတ်သန်းသွားရာ ဒေသခံတောင်သူများ၏ သဘောတူညီချက် စသည့် ဒေသခံများ၏ သဘောထားနှင့် ဒေသအာဏာပိုင်များနှင့် ဆွေးနွေးမှုသဘောထားမှတ်ချက် စသည်တို့ပါဝင်ခြင်းမရှိဘဲ ဌာနကသာ တင်ပြတွက်ချက်တောင်းခံထားသည်ကို တွေ့ရှိရကြောင်း ၎င်းက ဆိုသည်။

မကွေးတိုင်းလွှတ်တော် စိုက်မွေးဆည်ကော်မတီအနေဖြင့် ဆည်မြောင်းဌာနနှင့် ရေအရင်းအမြစ်ဌာနတို့က လုပ်ငန်းဆောင်ရွက်ရန်တင်ပြထားသည့် စီမံကိန်းများကို ဩဂုတ် ၉ ရက်က စတင်ကာ ဂန့်ဂေါ၊ ပခုက္ကူ၊ ပေါက်၊ ရေစကြို၊ မြို့သစ်၊ ပွင့်ဖြူ၊ ထီးလင်း၊ ဆင်ပေါင်ဝဲ၊ ကျောက်ထု၊ ကံမ၊ အောင်လံ စသည့်မြို့နယ်များတွင် ကွင်းဆင်းစစ်ဆေးနေခြင်းဖြစ်သည်။

ကွင်းဆင်းစစ်ဆေးမှုပြီးဆုံး ပါက မကွေးတိုင်းလွှတ်တော်ရုံးတွင် ကော်မတီအစည်းအဝေးတစ်ရပ် ပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၂၉ ရက်တွင် မကွေးတိုင်းဆည်မြောင်းဌာနနှင့် ရေအရင်းအမြစ်ဌာနတို့၏ ခရိုင်နှင့် တိုင်းအဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ယင်းနောက် ကော်မတီအနေဖြင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတစ်ရပ် ရေးသားကာ လာမည့်တိုင်းလွှတ်တော်တွင် တင်ပြမည်ဟု ဆိုသည်။ (ကိုးကား-http://www.7daydaily.com)